
Kids of Destiny®
www.kidsofdestiny.org

## အီဂျစ်ပြည်ရောက်ယောသပ်အစ်ကိုများ 2.05

## ကမ္ဘာဦးကျမ်း ၄၂-၄၅

အီဂျစ်နိုင်ငံတစ်ခုလုံးကို အုပ်ချုပ်စီမံရသူအဖြစ် ယောသပ်အာဏာရှိလာတယ်။ အသီးအနှံအထွက်ကောင်းတဲ့ ပထမခုနှစ်နှစ်အတွက် သူစီမံခန့်ခွဲပေးရတယ်။ အသီးအနှံစိုက်ပျိုးလို့မရတော့မယ့်ကာလအတွက် အကောင်းဆုံးအစာသိုလှောင်ရုံ တွေကိုသူတည်ဆောက်တယ်။ အစာဝယ်ဖို့အတွက် မတူညီတဲ့နိုင်ငံကလူတွေ ရောက်လာကြတယ်။ ဘုရားသခင်ကို ယုံကြည်ကိုးစားပြီး ငတ်မွတ်ခေါင်းပါးရာကာလအတွက် သူအကောင်းဆုံးပြင်ဆင်ထားခဲ့လို့ ငတ်မွတ်သူတွေကို ယောသပ်ကူညီပေးနိုင်ခဲ့တယ်။

အီဂျစ်မှာစားစရာရိက္ခာရှိတယ်လို့ ယောသပ်ဖခင်ယာကုပ်ကြားတဲ့အခါ နေထိုင်ရာခါနန်ပြည်ကနေအီဂျစ်ပြည်ကိုသွားပြီး စားစရာရိက္ခာဝယ်ဖို့ သူ့သားတွေကိုပြောတယ်။ ညီအကိုဆယ်ယောက်ဟာ အီဂျစ်ပြည်ကိုသွားခဲ့ကြတယ်။ ညီအငယ်ဆုံးဗယ်ာမိန်ကိုတော့ အိမ်မှာထားခဲ့တယ်။

ညီအစ်ကိုတွေရိက္ခာဝယ်ဖို့ ရောက်လာတဲ့အခါ၊ သူတို့ကိုတွေ့တော့ သူတို့ဟာသူ့ညီအကိုတွေဖြစ်တယ်လို့ ယောသပ်သိနေတယ်။ ဒါပေမယ့် သူ့အစ်ကိုတွေကတော့ သူဟာယောသပ်ဖြစ်တယ်လို့ သူတို့မသိကြဘူး။ ယောသပ်ဟာ သူတို့ကို မေးခွန်းတွေအများကြီး မေးတယ်။ သူတို့မှာ အခြားညီငယ်တစ်ယောက်ရှိသေးကြောင်းနဲ့ နောက်အခြားတစ်ယောက် ကတော့သူတို့နဲ့အတူမရှိတော့ကြောင်း သူ့ကိုဝန်ခံပြောပြကြပါ တယ်။ (အဲ့တစ်ယောက်ဟာယောသပ်ဖြစ်တယ်) “သင်တို့ ရိုးသားကြောင်းကိုပြသဖို့အတွက် သင်တို့ရဲ့ညီငယ်ကို ငါ့ဆီခေါ်လာပါ” လို့ ယောသပ်က ပြောတယ်။

ညီအကိုတွေဟာ သူတို့ဖခင်ယာကုပ်ရှိရာအိမ်ကို ပြန်လာကြတယ်။ ဗယ်ာမိန်ကိုသူတို့နဲ့အတူ အီဂျစ်ပြည်ခေါ်လာခိုင်းတယ်လို့ သူတို့ဖခင်ကို ပြောပြတယ်။ နောက်ဆုံးမိသားစုစားစရာမရှိငတ်ပြီးမသေစေဖို့အတွက် သူ့ကိုလိုက်သွားဖို့ ခွင့်ပြုပေးလိုက်ရတယ်။

ညီအကိုတွေ အီဂျစ်ကိုပြန်ရောက်သွားကြပြီးယောသပ်နဲ့တွေ့တဲ့အခါ သူတို့တွေအံ့သြကြောက်ရွံ့ခဲ့ရတယ်။ ယောသပ်ရဲ့အိမ်ဆီ သူတို့ကို ခေါ်သွားကြတယ်။ သူတို့ကိုမကျေနပ်လို့လားလို့ သူတို့ကြောက်နေကြတယ်။ သူတို့မှာအခြားရွေးချယ်ဖို့ မရှိတော့တဲ့အတွက် သူတို့လိုက်သွားကြ ရတော့တယ်။ သူတို့အတွက်ကြီးကျယ်တဲ့စားပွဲတစ်ခု ယောသပ်ကပြင်ဆင်ထားတယ်။ မစိုးရိမ်ကြနဲ့လို့ သူတို့ကို သူပြောတယ်။ “ငြိမ်းချမ်းစွာနေပါ” လို့ သူတို့ကို သူပြောတယ်။ ညီအကိုတွေဟာ သူ့ကိုဦးချပြီး သူတို့ဖခင်ယာကုပ်ထည့်ပေးလိုက်တဲ့ လက်ဆောင်ကို ပေးလိုက်တယ်။ ယောသပ်ဟာ သူတို့ကိုမေးခွန်းတွေ ထပ်မေးပြန်တယ်။

“မင်းတို့ဖခင်နေကောင်းလား” လို့ယောသပ်ကမေးတယ်။ “သူက မင်းတို့ပြောတဲ့မင်းတို့ညီအငယ်ဆုံးလား?” ပြီးတော့ သူဟာ သူ့ညီအကိုတွေကို မြင်ရတော့ သူ့အခန်းထဲပြန်ဝင်ပြီးငိုတယ်။ ပြီးတော့မှ သူဟာအကြံတစ်ခုထုတ်တယ်။ ဗယ်ာမိန်ရဲ့ကျောပိုးအိတ်ထဲမှာ သူ့ရဲ့ ငွေဖလားကို လျှို့ဝှက်စွာထည့်ပေးလိုက်ဖို့ သူ့ကျွန်တွေကိုစေခိုင်းတယ်။ ညီအကိုတွေ အိမ်ပြန်သွားကြပြီးမှ သူတို့ကိုခိုးမှုနဲ့ စွတ်ဆွဲဖမ်းဆီးဖို့ ဖြစ်တယ်။ “ငါ့ခွက်ဖလားကို ဘယ်သူခိုးတာလဲ?” လို့ယောသပ် မေးတယ်။ “အဲဒီ ခွက်ဖလားလက်ဝယ်ရှိသူဟာ အီဂျစ်မှာငါ့ကျွန်အဖြစ် နေခဲ့ရမယ်။”

ခွက်ဖလားကိုဗယ်ာမိန်ဆီမှာတွေ့ရတဲ့အတွက် ညီအကိုတွေဟာ ကြောက်သွားကြတယ်။ “ကျေးဇူးပြုပြီးဗယ်ာမိန်ကို သင့်ကျွန်အဖြစ် မခေါ်ထားဘဲ သူ့ကိုယ်စားကျွန်တော်မျိုးနေခဲ့ပါရစေ။ ဗယ်ာမိန်ဟာ အဖေ့အိမ်ပြန်မရောက်ရင် အသက်ကြီးပြီဖြစ်တဲ့အဖေ သေပါလိမ့်မယ်” လို့ ယုဒလို့ခေါ်တဲ့ညီအကိုတစ်ယောက်က ပြောတယ်။

ယောသပ်ဟာ သူဘယ်သူဖြစ်တယ်ဆိုတာ ဆက်ပြီးမဖုံးကွယ်နိုင်တော့ဘူး။ သူဟာ သူတို့ရဲ့ညီယောသပ်ဖြစ်တယ်လို့ သူပြောတယ်။ “ဟိုးတချိန်က အီဂျစ်သွားတဲ့ကုန်သည်တွေဆီကို ရောင်းခဲ့ကြလို့ စိတ်မကောင်းမဖြစ်ကြပါနဲ့။ အစာခေါင်းပါးတဲ့ကာလမှာ သင်တို့ အားလုံးကို ကယ်တင်နိုင်ဖို့အတွက် ဒီနေရာမှာကျွန်ုပ်ရှိဖို့ ဘုရားသခင်ရဲ့အကြံအစည် ဖြစ်တယ်။ အိမ်ကိုပြန်ကြပြီး ငါတို့အဖေနဲ့ မိသားစုတွေအားလုံးရယ် တိရစ္ဆာန်တွေပါမကျန်အားလုံးကို ပြန်ခေါ် ကြပါ။ တစ်သက်လုံးနေထိုင်ဖို့ အကောင်းဆုံးသောနေရာ ရှာထားပေးမယ်” လို့သူပြောတယ်။ သူတို့ကိုလည်း လက်ဆောင်တွေ အများကြီး ယောသပ်ပေးခဲ့တယ်။

သူတို့တွေ ခါနန်ပြည်ကိုပြန်သွားကြပြီး၊ ယောသပ်ဟာအသက်ရှင်သေးကြောင်းနဲ့အီဂျစ်ပြည်ကို အုပ်ချုပ်နေသူဖြစ်ကြောင်း သူတို့ဖခင်ကို ပြောပြတယ်။ ယာကုပ်ဟာ အရမ်းဝမ်းသာသွားတယ်။ “တော်လောက်ပြီ၊ ငါ့သားအသက်ရှင် သေးတယ်၊ ငါမသေခင် သူ့ကိုသွားကြည့်ရမယ်” လို့ယာကုပ်ပြောတယ်။

# အီဂျစ်ပြည်ရောက်ယောသပ်အစ်ကိုများ - ဆရာလမ်းညွှန် 2.05

## အဓိကအချက်များ

၁) ယောသပ်ဟာ အီဂျစ်ပြည်ရဲ့အုပ်ချုပ်စီမံသူဖြစ်တယ်။ အစာခေါင်းပါးတဲ့ကာလအတွက် အစာပေါကြွယ်တဲ့ကာလခုနှစ်နှစ်မှာ ယောသပ်ဟာ လုံလောက်စွာသိုမှီးစုထားတယ်။ နေရာဒေသများစွာကနေ စားစရာရဖို့ယောသပ်ဆီကို လာကြတယ်။

၂) ယောသပ်ရဲ့ဖခင်ယာကုပ်နဲ့သူ့အစ်ကိုတွေဟာ ခါနန်ပြည်မှာနေထိုင်ကြတယ်။ သူတို့တွေလည်း စားစရာရိက္ခာလိုအပ်တယ်။ ယာကုပ်ဟာ ရိက္ခာအစာအတွက် ညီအကိုဆယ်ယောက်ကို အီဂျစ်ပြည်မှာသွားဝယ်စေပါတယ်။

၃) ယောသပ်ရဲ့အစ်ကိုတွေဟာ ရိုးသားသူတွေဖြစ်ကြကြောင်း သက်သေပြဖို့အတွက် သူတို့ညီငယ်ဗယ်ာမိန်ကို အီဂျစ်ပြည်ခေါ်လာဖို့ သူကပြောတယ်။ သူ့ညီအကိုတွေဖြစ်ကြောင်း ယောသပ်သိတယ်။ သူတို့ကတော့ သူဟာယောသပ် ဖြစ်တယ်ဆိုတာကို မသိကြဘူး။

၄) ဗယ်ာမိန်ကိုအီဂျစ်ပြည်ခေါ်လာပြီးနောက် ယောသပ်ဟာသူ့ရဲ့ငွေခွက်ဖလားကို ဗယ်ာမိန်ရဲ့ကျောပိုးအိတ်ထဲ ဖွက်ထည့်ပေးပြီး၊ ဗယ်ာမိန်ကို ခိုးမှုနဲ့စွတ်ဆွဲနိုင်ဖို့ဖြစ်တယ်။ ဗယ်ာမိန်ကို သူ့ကျွန်အဖြစ် သူ့အနားမှာခေါ်ထားဖို့ဖြစ်တယ်။

၅) ဗယ်ာမိန်ကိုယ်စားသူ့ကိုယောသပ်ရဲ့ကျွန်အဖြစ်ခေါ်ထားဖို့ ညီအကိုတွေထဲကယုဒက ပြောတယ်။

၆) ယောသပ်က သူဟာသူတို့ရဲ့ညီဖြစ်ကြောင်း ပြောခဲ့တယ်။ သူတို့တွေအိမ်ပြန်ကြပြီး၊ သူတို့ဖခင်နဲ့မိသားစုတွေအားလုံး၊ တိရစ္ဆာန်တွေပါမကျန်အားလုံးကို အီဂျစ်ပြည်ခေါ်လာဖို့ သူပြောတယ်။ သူတို့နေဖို့နေရာကိုလည်း သူပြင်ဆင်ပေးမယ်။

## မေးခွန်းများ

၁) အီဂျစ်ပြည်မှာအုပ်ချုပ်စီမံရတဲ့ယောသပ်ရဲ့တာဝန်ကဘာလဲ?
၂) သူ့မိသားစုတွေ စားစရာရိက္ခာကုန်သွားတဲ့အခါ ယာကုပ်ဘာလုပ်သလဲ?
၃) ယောသပ်ဟာ ဘယ်သူ့ကိုအီဂျစ်ပြည်ခေါ်လာဖို့ သူ့အစ်ကိုတွေဆီပြောခဲ့သလဲ?
၄) ဗယ်ာမိန်ကို ခိုးမှုနဲ့စွတ်ဆွဲနိုင်ဖို့ ယောသပ်ဘာလုပ်ခဲ့သလဲ?
၅) ဗယ်ာမိန်ကိုယ်စားကျွန်ခံပေးဖို့ ဘယ်သူပြောခဲ့သလဲ?
၆) ယောသပ်ဟာ သူ့အဖြစ်မှန်ကို သူ့အစ်ကိုတွေဆီပြောပြပြီး သူ့အစ်ကိုတွေကိုဘာဆက်ပြောလဲ?

## အဖြေများ

၁) ယောသပ်ရဲ့တာဝန်ဟာ အစာငတ်မွတ်ခေါင်းပါးတဲ့ကာလအတွက် အစာပေါကြွယ်တဲ့ကာလမှာလုံလောက်စွာ စုဆောင်းထားဖို့ ဖြစ်တယ်။
၂) ယာကုပ်ဟာ ယောသပ်ရဲ့အစ်ကိုဆယ်ယောက်ကို အီဂျစ်မှာရိက္ခာဝယ်ဖို့ စေလွှတ်ခဲ့ပါတယ်။
၃) ယောသပ်ဟာ သူတို့ညီအငယ်ဆုံးဗယ်ာမိန်ကိုခေါ်လာဖို့ သူ့အစ်ကိုတွေကိုပြောပါတယ်။
၄) ယောသပ်ဟာ ဗယ်ာမိန်ရဲ့ကျောပိုးအိတ်ထဲ သူ့ငွေခွက်ဖလားကို ဖွက်ထားခဲ့တယ်။
၅) သူ့အစ်ကိုတွေထဲကယုဒက ဗယ်ာမိန်ကိုယ်စား ယောသပ်ရဲ့ကျွန်အဖြစ်နေခဲ့ဖို့ ပြောပါတယ်။
၆) ယောသပ်ဟာ သူ့အဖြစ်မှန်ကို သူ့အစ်ကိုတွေဆီပြောပြပြီးနောက် သူ့အစ်ကိုတွေကိုအိမ်ပြန်စေပြီး၊ သူ့ဖခင်နဲ့မိသားစုအားလုံး အပြင်တိရစ္ဆာန်အားလုံးနဲ့ အီဂျစ်ပြည်ကိုပြန်ခေါ်လာကြဖို့ သူပြောပါတယ်။ သူတို့အတွက် နေစရာအရပ်ကို ပြင်ဆင်ပေးပြီး သူတို့ စားသောက်ဖို့လည်း ပေးခဲ့ပါတယ်။

## ကမ္ဘာဦးကျမ်း ၄၂-၄၅

ကျွန်ုပ်တို့ဟာ ယောသပ်ကဲ့သို့ ဘုရားသခင်ကိုယုံကြည်ကိုးစားရင် ယောသပ်ဟာသူ့မိသားစုကိုကူညီကယ်တင်သလို ကျွန်ုပ်တို့ ဟာလည်း ကျွန်ုပ်တို့ပတ်ဝန်းကျင်မှာ ကူညီကယ်တင်နိုင်မှာဖြစ်ပါတယ်။


Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org